**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ**
**ညွှန်ကြားချက်အမှတ်၊ ၁/၂၀၁၇**
**နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း (၁၁) ရက်**
**(၂၀၁၇ ခုနှစ်၊ ဧပြီလ ၇ ရက်)**

၁။ **အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေပုဒ်မ ၆၈ ၊ ပုဒ်မခွဲ(ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍** ၂၀.၂.၂၀၁၇ ရက်နေ့တွင် ကျင်းပသည့် **အသေးစား ငွေရေး ကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ** အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ **အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီသည် ဤ ညွှန်ကြားချက်အမှတ်၊ ၁/၂၀၁၇ ကိုထုတ်ပြန်လိုက်သည်။**

၂။ **အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ**သည် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများမှ အသင်းသားတစ်ဦးသို့အများဆုံးထုတ်ချေးနိုင်သည့် ချေးငွေ အရွယ်အစားနှင့် ပတ်သက်၍ အောက်ပါအတိုင်း သတ်မှတ်ထုတ်ပြန်လိုက်သည် –

(က) **အသင်းသားတစ်ဦးသို့ အများဆုံးထုတ်ချေးနိုင်သည့် ချေးငွေအရွယ်အစား**
ကျပ် သိန်း (၁၀၀)

(ခ) **ထုတ်ချေးနိုင်သော လုပ်ငန်းအမျိုးအစား ။** စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ အသေးစားကုန်ထုတ်လုပ်ငန်းများ အပါအဝင် တည်ဆဲဥပဒေအရ ကန့်သတ်ပိတ်ပင်ထားခြင်းမရှိသော မည်သည့်အသေးစား၊ အလတ်စား၊ စီးပွားရေးလုပ်ငန်းမဆို ထုတ်ချေးနိုင်သည်။

(ဂ) **ထုတ်ချေးရာတွင်လိုက်နာရမည့် စည်းမျဉ်းသတ်မှတ်ချက်များ။**

(၁) မည်သည့်လုပ်ငန်းအတွက် ချေးယူသည်ဖြစ်စေ၊ ချေးငွေအတွက် အပေါင်ပစ္စည်း၊ အာမခံပစ္စည်း ရယူခွင့်မပြု။ သို့ရာတွင်ချေးငွေ ထုတ်ချေးနိုင်ရေးအတွက် ပစ္စည်းပိုင်ဆိုင်မှုအပါအဝင် လိုအပ်သောစိစစ် လေ့လာမှုများ ဆောင်ရွက်နိုင်သည်။

(၂) မိမိထုတ်ချေးသောလုပ်ငန်းအမျိုးအစားအလိုက် ငွေချေးယူမှုရည်ရွယ်ချက်အတိုင်း အသုံးပြုမှုရှိ မရှိ စနစ်တကျစိစစ်ရမည်။

(၃) မိမိထုတ်ချေးသောချေးငွေဖြင့် လည်ပတ်သော စီးပွားရေးလုပ်ငန်း၏ လုပ်ငန်းအခြေအနေနှင့် ငွေကြေးဆိုင်ရာအခြေအနေတို့ကို စဉ်ဆက်မပြတ် ထိတွေ့စစ်ဆေးရမည်။

(၄) ချေးငွေအချိန်ကာလသတ်မှတ်မှု၊ ပြန်လည်ပေးဆပ်ရမည့် အကြိမ်အရေ အတွက်နှင့် အကြိမ်အလိုက်ပေးဆပ်ရမည့်ငွေပမာဏတို့ကို အသင်းသား က ပြန်လည်ပေးဆပ်ရန် အဆင်ပြေမည့် စည်းကမ်းသတ်မှတ်ချက်များဖြင့် အသင်းသားများနှင့် ညှိနှိုင်းသတ်မှတ်ရမည်။

(၅) ချေးငွေပြန်လည်ပေးဆပ်မှုနောက်ကျခြင်း၊ ပြန်လည်ပေးဆပ်မှုမရှိခြင်း အပါအဝင် အသင်းသားများနှင့် အငြင်းပွားမှုဖြစ်ပါက အသေးစားငွေရေး ကြေးရေးကြီးကြပ်မှုကော်မတီနှင့် ငွေရေး ကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနက သတ်မှတ်ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ ဖြေရှင်းဆောင်ရွက်ရမည်။ မည်သို့မျှ ဖြေရှင်းဆောင်ရွက်ရန် အဆင်မပြေ တော့သည့်အခြေအနေတွင်သာ အခြားတည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) **ထုတ်ချေးသောချေးငွေဖြင့် ဆောင်ရွက်မည့် ဝင်ငွေရလုပ်ငန်းများအတွက် နည်းပညာ၊ အတတ်ပညာ နှင့် သွင်းအားစုများ ပံ့ပိုးဖြည့်ဆည်းပေးခြင်း၊ ဈေးကွက်ရှာဖွေပေးခြင်း တို့ကို အသင်းသားနှင့်ညှိနှိုင်းသဘောတူဆောင်ရွက် နိုင်သည်။ ၎င်းအတွက်ကျသင့်သည့်ကုန်ကျစရိတ်များကို အသင်းသားသို့ ရှင်းရှင်း လင်းလင်းအသိပေး၍ နှစ်ဖက်သဘောတူညှိနှိုင်းသတ်မှတ်ရမည်။**

(င) မိမိ၏ချေးငွေဖြင့်လည်ပတ်သော အသင်းသားများ၏ စီးပွားရေးလုပ်ငန်း စီမံ ခန့်ခွဲမှု၊ ငွေကြေးစီမံခန့်ခွဲမှု၊ စာရင်းဇယားထိန်းသိမ်းမှုအပါအဝင် လိုအပ်သော နည်းပညာ၊ အတတ်ပညာတို့ကို ပံ့ပိုးဆောင်ရွက်ပေးရမည်။

၃။ **အထက်ပါသတ်မှတ်ချက်များကို ဈေးကွက်အခြေအနေနှင့်အညီ လိုအပ်ပါကပြင်ဆင် ပြောင်းလဲ သတ်မှတ်ပေးသွားမည်ဖြစ်သည်။**

ကျော်ဝင်း

**ဥက္ကဋ္ဌ**

အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ

အမိန့်အရ

(ဒေါက်တာစန္ဒာဦး)

အတွင်းရေးမှူး

အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ